# ခရစ်ယာန် အယူအဆမှ ခေတ်သစ် ဦးတည်ချက်

## ခေတ်ဆန်းဝါဒ နှင့် သဟဇာတ ခရစ်ယာန်

တခါတရံတွင် သဟဇာတဖြစ်သော အယူအဆ ဟု ခေါ်တွင်သည့် သဟဇာတ ခရစ်ယာန်ဝါဒသည် အမျိုးမျိုး သော အယူအဆများကို ခြုံငုံထားသည့် ထီးရိပ် တစ်ခု ဖြစ်ပေသည်။ ၎င်းသည် ၁၈၊ ၁၉၊ ၂၀ ရာစုများအတွင်း အတွေးအခေါ် ဒဿနများကို သရုပ်ဖေါ်သော ဘာသာရေး ဆောင်ရွက်မှုများနှင့် ခံစားမှုများ ပင်ဖြစ်ပေသည်။ ခရစ်ယာန် ဘာသာရေး ဝေါဟာရ "သဟဇာတ" ဆိုသည်မှာ နိုင်ငံရေးလောက သုံး "လက်ဝဲယိမ်း" သို့မဟုတ် ဘာသာ ရေး ဂိုဏ်းတစ်ခု မဟုတ်ပေ။ ၎င်းသည် ဘာသာတရားအတွင်းနှင့် အပြင် အတွေးအခေါ် ဒဿနများနှင့် ဆက်စပ်၍ လွတ်လပ်စွာ ပြောဆိုဆွေးနွေးခြင်း ဘက်ကိုယိမ်းလျှက်၊ ဉာဏ်စဉ်အလင်းရောင်ခေတ် Age of Enlightenment အတွင်း ဘာသာရေး ဥဒါဟရုဏ်များ ဖြစ်ပေသည်။

## အခြေခံဝါဒ

ခရစ်ယာန် အခြေခံဝါဒီ ဆိုသည်မှာ ခရစ်ယာန်ဟု မိမိကိုယ်မိမိ ခေါ်ဆိုနေသော်လည်း ခရစ်ယာန်၏ အခြေခံ အုပ်မြစ်များဟု အများက ဆုံးဖြတ်ထားသည်များကို လက်မခံသော ခေတ်ဆန်းဝါဒနှင့် လုံးဝ သဟဇာတ ဝါဒီ ပရိုတက်စ်တင့်များအား တုံ့ပြန်သည့်အနေဖြင့် အထူးသဖြင့် ဗြိတိန်နှင့် အမေရိကန် ပရိုတက်စ်တင့်များ အတွင်း ၁၉ ရာစု နှောင်ပိုင်းနှင့် ၂၀ ရာစု ဆန်းစတွင် ပေါ်ပေါက်လာသော လှုပ်ရှားသူများကို ခေါ်ပေသည်။ အခြေခံ ဝါဒီများသည် ခရစ်ယာန်၏ ဝိသေသဂုဏ်ပုဒ်အား ထိခိုက်လျှော့ပါးစေနိုင်ခြင်း မရှိသော မည်သူမှ မငြင်းနိုင်သည့် ဘာသာရေး ရေသောက်မြစ် အခြေခံသီလအား ပြန်လည်ထူထောင်ရန် အားထုတ်ကြပေသည်။ ထိုအခြေခံ ရေသောက်မြစ်များမှာ inerrancy of the Bible, Sola Scriptura အပျိုစင်မှမွေးသော ယေရှု၊ ကိုယ်စားပြု ကယ်တင်ခြင်း သြဝါဒ၊ ကိုယ်ခန္ဓာအားဖြင့် ပြန်လည်ရှင်ပြန် သော ယေရှု၊ ပြန်လာအံ့ဆဲ ယေရှုခရစ် စသည်တို့ဖြစ်ပေသည်။

## ဘာတီကန် ဒုတိယ သံဃာယနာ

၁၉၆၂ ခု အောက်တိုဘာ ၁၁ ရက်နေ့တွင် ကာသိုလစ် အသင်းတော်၏ ၂၁ ကြိမ်မြောက် အသင်းတော်လုံး ဆိုင်ရာ စုဆုံပွဲ ဖြစ်သည့် ဘာတီကန် ဒုတိယ သံဃာယနာအား ပုပ်ရဟန်းမင်း ဂျွန် (၂၃) က ဖွင့်လှစ်ခဲ့သည်။ သံဃာယနာမှာ သဘာဝအတိုင်းပင် သရုပ်ဖေါ်ထား၍၊ တရားသေ လက်ခံပြီးသားအတိုင်း ဖွင့်ဆိုထားပြီး သြဝါဒ များကို အလေးပေးခြင်း၊ ဘုရားဝတ်ပြုခြင်း အလေ့အထကို ပြန်လည်တည်းဖြတ်ခြင်း၊ ခေတ်ပြိုင်ကာလများ အတွင်း အသင်းတော်၏ သင်ရိုးများအား ပီသစွာ ရွတ်ဆိုနိုင်ရန် လမ်းညွှန် ဆောင်ကြဉ်းပေးခြင်းများ ပြုလုပ်ခဲ့ပေ သည်။ ဤသံဃာယနာ၏ အထင်ပေါ်ဆုံး ဆောင်ရွက်ချက်မှာ လူစုဝေး ဝတ်ပြုမှုများတွင် လက်တင် အသင်း တော်များ ကဲ့သို့ ဒေသန္တရ ဘာသာစကားအားဖြင့် တည်ဆောက်ခွင့်ရှိကြောင်း ဆုံးဖြတ်ချက်ပင် ဖြစ်ပေသည်။

## အသင်းတော်လုံးဆိုင်ရာ ဝါဒ

အသင်းတော်လုံးဆိုင်ရာ ဝါဒသည် ခရစ်ယာန် အုပ်စုများအတွင်း အပြန်အလှန် ပြောဆိုဆွေးနွေးခြင်း နည်းဖြင့် တစ်စစ စီးလုံးညီညွတ်မှုရှိလာရန် လှုပ်ရှားဆောင်ရွက်သော လမ်းစဉ်ကို ကိုယ်စားပြုပေသည်။ ထိုစကားလုံး ယူ မစ်နစ်ဇင် (အသင်းတော်လုံးဆိုင်ရာ ဝါဒ) ဆိုသည်မှာ ဂရိဝေါဟာရ ယူကိုမီနီ မှဆင်းသက်လာပြီး (အချေချနေ ထိုင်သော လောက) ဟု ဖြစ်ပေသည်၊ သို့သော် များသောအားဖြင့် ထိုထက် ပိုမိုပြောင်မြောက်သော အနက်ကို ဆောင်သည့် "တစ်လုံးတည်း တစ်ဝတည်း စကြာဝဠာ" ဟုလည်း ဖြစ်နိုင်ပေသည်။ အသင်းတော်ဗေဒ သီးခြား အမည် သတ်မှတ်မှု ပြန်လည်ဖွင့်ဆိုခြင်း

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အားဖြင့် နောက်ပိုင်းပုံဆောင်သည်မှာ ထိုလှုပ်ရှားမှုအား ကာသိုလစ် နှင့် ပရိုတက်စ်တင့် အဖြစ် ခွဲခြားထားပေသည်။ (ထိုသတ်မှတ်မှုမှာ ကာသိုလစ် အသင်းတော်မှသာ ဖြစ်၍၊ အခြားသော အသင်းတော်များက လက်မခံချေ။)

## ကာသိုလစ် အသင်းတော်လုံးဆိုင်ရာ ဝါဒ

လွန်ခဲ့သော ရာစုအတွင်း ကာသိုလစ် အသင်းတော်နှင့် အရှေ့တိုင်း အော်သိုဒေါ့ ဂိုဏ်းကြီးများ အကြား ပြန် လည် ပူးပေါင်းရန် များစွာသော လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြပေသည်။ တိုးတက်မှုများ ရှိသော်လည်း နောက်ဆုံး ဂိုဏ်းကွဲဆိုင်ရာ ဖြေရှင်းချက်တွင် ပုပ်ရဟန်းမင်းဆိုင်ရာ အထွဋ်အထိပ်ရာထူးနှင့် လွတ်လပ်သော အော်သိုဒေါ့ အသင်းတော်ငယ်များက အတားအဆီး ဖြစ်နေခဲ့ပေသည်။

၁၈၉၄ ခု နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ပုပ်ရဟန်းမင်း လီယို (၁၃) က တမန်တော်ဆိုင်ရာ ပေးစာကို ရိုက်နှိပ်ထုတ်ဝေခဲ့ပေသည်။ ထိုစာတွင် (အရှေ့ပိုင်း အသင်းတော်များအား) ကာကွယ် စောင့်ရှောက်ခြင်းသည် အရေးကြီး၍၊ အသင်းတော် တစ်ခုလုံးအတွက် အရှေ့တိုင်း ရိုးရာများကို ဆက်လက်တည်ရှိရန်လိုကြောင်း ဖော်ပြထားပေသည်။ ၁၉၆၅ ခု ဒီဇင်ဘာ ၇ ရက်နေ့တွင် ပုပ်ရန်ဟန်းမင်း ပေါလ် (၆)နှင့် အသင်းတော်လုံးဆိုင်ရာ သင်းအုပ်ဆရာတော် အက်သန်နာဂိုးရာ့စ် (၁) တို့၏ ပူးတွဲကြေငြာချက်တွင် ၁၀၅၄ ခုနှစ်မှ အပြန်အလှန် အဆက်အသွယ် ဖြတ်ခဲ့ကြခြင်းအား ရုပ်သိမ်းကြောင်း ဖော်ပြထားပေသည်။

ရှေးဟောင်း အရှေ့တိုင်း အသင်းတော်၏ ဩဝါဒတစ်ချို့နှင့် စပ်လျဉ်း၍ ကူးလူးဆက်ဆံရေး၌ ဖြေရခက်သော ပြဿနာများမှ တစ်ချို့မှာ Filioque, Scholasticism ဒုက္ခစရိယအား ရည်သန်သော အကျင့်၊ ဘုရားသခင်၏ ဇစ်မြစ်တော်၊ ဟောစီချက် ဝါဒ၊ စတုတ္ထကရူးဆိတ်၊ လက်တင် အင်ပါယာ တည်ထောင်မှုတို့နှင့် မှတ်ချက်တစ်ချို့ပင် ဖြစ်ပေသည်။ အလားတူပင် လက်တွေ့ပိုင်း၌ ပုပ်ရဟန်းမင်း၏ အရေးပါမှုအား ဖွင့်ဆိုချက်နှင့် အသင်းတော်ငယ် အား အသင်းတော်ကြီးဖြစ်သည့် ကာသိုလစ် အသင်းတော်က မမြို့ချဘဲလျှက် မည်သို့ တစ်ပေါင်း တစ်စည်း တည်း ဖြစ်နိုင်မည်နည်း ဆိုသည်နှင့် သူတို့၏ကိုယ်ပိုင် ဘာသာရေး အယူအဆများ၊ ဘုရား ရှိခိုးခြင်း ဓလေ့များ၊ ရိုးရာအမွေဆက်ခံမှုများ မည်သို့ စွန့်ပစ်ရမည်နည်း ဟူသည့် ပြဿနာများပင် ဖြစ်ပေသည်။

ကာသိုလစ် အသင်းတော်နှင့် ပရိုတက်စ်တင့် အသိုင်းအဝိုင်းများကြား ဆက်ဆံရေးအား ရှိသေလေးစားရန် ကော်မက်ရှင်များ ဖွဲ့စည်းထူထောင်၍ အပြန်အလှန်ဆွေးနွေးရန် အားပေးခြင်း၊ ၁၉၉၉ ခုနှစ်တွင် လူသာရင် ကမ္ဘာလုံးဆိုင်ရာ ဖက်ဒရေးရှင်းနှင့် အတူ ဩဝါဒ ညှိနှိုင်းမှု ပူးပေါင်းကြေငြာချက် ကဲ့သို့သော ဩဝါဒဆိုင်ရာ ညီညွတ်မှုရှိစေရန် ရည်ရွယ်ချက်ဖြင့် အချက်အလက် အထောက်အထားများ စုဆောင်း ထုတ်လုပ်ခြင်းများလည်း ရှိပေသည်။

## ပရိုတက်စ်တင့် ဝါဒအတွင်း အသင်းတော်လုံးဆိုင်ရာ ဝါဒ

ပရိုတက်စ်တင့် ဝါဒအတွင်း အသင်းတော်လုံးဆိုင်ရာ ဝါဒ လှုပ်ရှားမှုသည် ခရစ်ယာန် ဖြစ်ရန် မရှိမဖြစ် လိုအပ် သည့် အလေ့အကျင့်နှင့် ဩဝဒဆိုင်ရာ စာရင်းအား ဆုံးဖြတ်ရန် ချည်းကပ်မှုများ ဖြစ်ပေသည်။ အသင်းအဖွဲ့ အားလုံးမှ ထိုအခြေခံအချက်များကို ဖြည့်ဆီးခြင်းဖြင့် ဘုံညီမျှသော ရပ်တည်မှုကို ရယူ၍ အသင်းတော်အား တိုးချဲ့ရန် ဖြစ်ပေသည်။ အသင်းအဖွဲ့တစ်ခုသည် အများစု၏ လုပ်ပိုင်ခွင့်အာဏာ ထက်ဝက်ရှိသော ရပ်တည်မှုကို ပိုင်ဆိုင်ပေသည်။ ထို လုပ်ငန်းစဉ်တွင် ရိုးရာ ဘာသာရေး အယူအဆမှ အသင်းတော်၏ ပြန်လည်ဖွင့်ဆိုခြင်း အယူအဆများ ပါဝင်ပေသည်။ ဤအသင်းတော်ဆိုင်ရာ သီအိုရီအား သီခြားအမည် သတ်မှတ်မှု၊ ပြိုင်ဆိုင်မှုဖြစ်၍၊ အသင်း အုပ်စု တစ်ခုစီတိုင်းသည် ခရစ်ယာန် အသင်းတော်ကြီး၏ အကိုင်းခွဲ အသင်းတော်ငယ်များ ဖြစ်ပေသည်။ ၎င်း (ခရစ်ယာန် အသင်းတော်ကြီး) ကိုယ်တိုင်မှာ စိတ်ကူးသက်သက် ဖြစ်၍၊ တိုက်ရိုက် ကိုယ်စားပြုခြင်း (အ သင်း ကိုယ်ထည်) မရှိချေ။ ဤအသင်းတော် သတ်မှတ်မှုပုံစံသည် အခြားသော အသင်းတော်များနှင့် ကွဲလွဲခြင်း ရှိ၍၊ ၎င်းတို့ကိုယ်တိုင် ၎င်းတို့ “အသင်းတော်” ဟု သတ်မှတ်ထားခြင်းသာ ရှိပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မရှိမဖြစ် လိုအပ် သော ယုံကြည်ချက်များမှာ၊ တြိကာယ (သုံးပါးတစ်ဆူ)၊ ယေရှုခရစ်သည် အတွင်းအဖျှာတဇီဝ ဖြစ်၍၊ တစ်ခုတည်း သော လွတ်ငြိမ်းရာ နည်းလမ်းဖြစ်ကြောင်းနှင့် သူသည် သေဆုံးပြီး၍ ခန္ဓာကိုယ်အားဖြင့် ပြန်လည် ရှင်ပြန် ထမြောက်ခဲ့ ကြောင်း ယုံကြည်ချက်များပင် ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com